မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

# မြန်မာနိုင်ငံ လယ်ယာမြေဆိုင်ရာ အခွင့်အရေးအားလုံးကို လယ်သမားများ အပြည့်အဝရရှိရေးအတွက် ဆောင်ရွက်သင့်ကြောင်း ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်

## ဖြစ်စဉ်အကျဉ်း

လယ်ယာမြေ သိမ်းခံထားရတဲ့ မြို့နယ်အသီးသီးက တောင်သူလယ်သမားတွေဟာ သဃ်ာန်းကျွန်း ဘီအိုစီ မှတ်တိုင်ကနေ ခရိုင်ရုံးအထိ ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြခဲ့ကြပြီး လယ်ယာလုပ်ပိုင်ခွင့် ပြန်လည်ရရှိဖို့ အာဏာပိုင်တွေထံ တောင်းဆိုခဲ့ကြတယ်။

သူတို့ရဲ့လယ်တွေကို ရွှေနဂါးမင်း ကုမ္ပဏီ၊ ရွှေဟိန်းထက်၊ အေးရှားဝေါနဲ့ ရွှေတောင် ကုမ္ပဏီတွေက သိမ်းပိုက်ထားတာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန် သင်္ကန်းကျွန်းမြို့နယ်မှာ တောင်သူလယ်သမား ၄၀၀ နီးပါး ဇန်နဝါရီလ ၆ ရက် ဒီကနေ့ ဆန္ဒပြခဲ့ကြတာဟာ အခု ၂၀၁၁ ခုနှစ်အတွင်း ပထမဆုံး လှုပ်ရှားမှုလည်းဖြစ်ပါတယ်။ **(အာအက်ဖ်အေ – ၂၀၁၁ – ၁ – ၆)**

## ဥပဒေရေးရာ သုံးသပ်ချက်

၁။ မြန်မာနိုင်ငံ ဒေသအသီးသီးတွင် လယ်ယာမြေ သိမ်းယူမှုများသည် ဥပဒေ လုပ်ထုံးလုပ်နည်းများဖြင့် ကိုက်ညီခြင်းမရှိကြောင်း ဥပဒေရေးရာသုံးသပ် ထုတ်ပြန်ချက်ကို (ဧပြီလ ၃ ရက်၊ ၂၀၀၉) နေ့စွဲဖြင့် ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုကဲ့သို့ ကုမ္ပဏီများက သိမ်းပိုက်ထားခြင်းမှာ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့် ဥပဒေပုဒ်မ – ၃ (၁) (က) အရ လယ်ယာမြေကို သိမ်းဆည်းခြင်းမပြုရ၊ (ခ) အရ လယ်ယာမြေကို မလုပ်ကိုင်ရ/မဝင်ရ ဟု တားဆီးခြင်းမပြုရဟု အတိအကျပြဋ္ဌာန်းထားသည်ကို မြန်မာနိုင်ငံဒေသအသီးသီးရှိ နအဖ စစ်အာဏာပိုင်များနှင့် အာဏာပိုင်လက်ဝေခံကုမ္ပဏီများက ဖောက်ဖျက် ကျူးလွန်ထားကြောင်း တွေ့ရှိရပါသည်။

၂။ "မသက်ရှည် (သေသူ) ၎င်း၏ တရားဝင်ကိုယ်စားလှယ် ကိုသူတော်ပါ – ၁၁ နှင့် ကိုဘိုလွန်း" ၁၉၆၈ – B L R – ၂၅၀ ( C.C ) စီရင်ထုံးတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

နိုင်ငံတော်ကသာလျှင် ပင်ရင်းပိုင်ရှင် ဖြစ်သည်ဟု အခြေခံမူဝါဒချမှတ်ခြင်းက ထိုပိုင်ဆိုင်မှုကို လွှမ်းမိုးခဲ့ပြီးလေပြီ။ ထိုမှတဆင့် လယ်လုပ်သူ လက်ရှိလက်ငုတ် မူရင်း လက်ငုတ်တို့သာ လယ်ယာမြေကို လုပ်ပိုင်ခွင့်ရှိစေရမည်ဟူသော ဦးတည်ချက်ဖြင့် သီးစားချထားရေး ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၆၃ ခု သီးစားချထားရေး ဥပဒေသည် ထိုသို့ ဦးတည်တက်လှမ်းရာ မှတ်တိုင်တရပ်ဖြစ်သည်ဟု ပါရှိပါသည်။ လယ်သမားများ လက်ရှိ လက်ငုတ် အဆုံးရှုံးခံကြခြင်းသည် ဥပဒေနှင့် စီရင်ထုံးဆုံးဖြတ်ချက်များကို မျက်ကွယ်ပြုကာ ပျက်ကွက်မှုများ ဖြစ်နေပါသည်။

၃။ လယ်ရှင် မြေရှင်များကို သီးစားခပေးနေရသည့်ကိစ္စကို အပြီးအပိုင် ဖျက်သိမ်းတော့မည်ဖြစ်ကြောင်း ၁၉၆၅ ခုနှစ် တောင်သူလယ်သမားနေ့ လူထုအစည်းအဝေးကြီးက ကြေညာခဲ့ပြီးနောက် ၁၉၆၅ ခုနှစ်၊ ဧပြီလ ၅ ရက်တွင် ၁၉၆၅ ခုနှစ်၊ သီးစားချထားရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ "လယ်ယာမြေပေါ်တွင် အစိုးရက ချထားသော သီးစားများသည် သို့မဟုတ် မြေရှင်များက ချထားသော သီးစားများ ကျန်နေသေးလျှင် ထိုသီးစားများသည် မြေရှင်အား သီးစားခပေးရန်မလို။" ဟု ဤဥပဒေ ပုဒ်မ ၂ တွင် အတိအကျ ဖော်ပြထားသည်။

ထို့ကြောင့် နဝတ/နအဖ စစ်အုပ်စု က ချမှတ်ကြေညာထားသော "မြေယာ ကန်ထရိုက်စနစ်" သည် ဤတည်ဆဲ ဥပဒေ ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ထားကြောင်း တွေ့ရှိရပါသည်။

၄။ လယ်သမားတဦးကို လယ်ဧက ၅.၅ လုပ်ခွင့်ပေးတဲ့အချိန်မှာ စစ်အုပ်စုနဲ့ လက်ဝေခံများကတော့ ဧက ၅၀၀၀ (ငါးထောင်) အထိ လုပ်ခွင့်ရနေကြတယ်။ သူတို့တွေမှာ အထူးအခွင့်အရေးတွေ ရရှိထားကြတယ်။ တကယ့် တကယ်က လယ်သမားတွေကို ဥပဒေအရ ကာကွယ်ပေးရမယ်။ လယ်သမား လက်ထဲကစပါးကို စစ်တပ်က ဈေးနှိမ်ပြီး ဝယ်ယူတာမျိုးမလုပ်သင့်ဘူး၊ (ဦးစိန်အေး နှင့် မေးမြန်းခန်း၊ RFA ဇူလိုင် ၃၀၊ ၂၀၀၅) ဤသတင်းနှင့်ဆက်စပ်လျက် အထက်ဖြစ်စဉ်အကျဉ်းတွင် ပါရှိသော "သူတို့ရဲ့လယ်တွေကို ရွှေနဂါးမင်း ကုမ္ပဏီ၊ ရွှေဟိန်းထက်၊ အေရှားဝေါ နဲ့ ရွှေတောင်ကုမ္ပဏီ တွေက သိမ်းပိုက်ထားတာဖြစ်တယ်။" ဟု တွေ့ရှိရပါသည်။

နဝတ/နအဖ စစ်အုပ်စု ၏ မြေယာကန်ထရိုက်စနစ်သည် သူတို့၏ နိုင်ငံတော်လက်ဝါးကြီးအုပ် စစ်အုပ်စုမြေရှင်ကြီးစနစ်ကို အကောင်အထည်ဖော်နေခြင်းသာ ဖြစ်ကြောင်းတွေ့ရှိရသည်။ လယ်သမားများအဖို့ ၁၉၆၅ ခုနှစ် သီးစားချထားရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၏ ရပိုင်ခွင့်များကို မခံစားရဘဲ စစ်အုပ်စု၏ ဥပဒေချိုးဖောက်ကာ သွေးစုတ်နေမှုများကိုသာ နေ့စဉ် ခံစားကြုံတွေ့နေရသည်။ နအဖ စစ်အုပ်စု၏ မြေယာကန်ထရိုက်စနစ်သည် လယ်သမားများသွေးစုတ်ခံရမှုများတွင် သားရေတထပ်ကို နှစ်ထပ် အရေခွံခွာခံရခြင်း ပင်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံတဝှမ်းလုံးရှိ မြေယာသိမ်းဆည်းမှုများအားလုံးကို လယ်သမားများ လက်ထဲသို့ ချက်ခြင်းပြန်လည်အပ်နှံရပါမည်။ တည်ဆဲဥပဒေများကို ချိုးဖောက်ခံရမှုများအတွက် နစ်နာသူများအား ထိုက်တန်သည့် လျော်ကြေးငွေများ ပေးအပ်ရပါမည်။ ယခု ဇန်နဝါရီလ ၆ ရက် လှုပ်ရှားမှုများကဲ့သို့ ဒေသအသီးသီးတွင် ထထကြွကြွ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့<br>မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီ

ရက်စွဲ – ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်။

**အသေးစိတ် သိလိုပါလျှင် –**

ဦး မျိုး (တာဝန်ခံ)
ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
ဖုန်း – ၀၈၆ ၂၁၆ ၀၁၀၈